# ကြာလဟာကျေးရွာ

# ဝေါမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြာလဟာကျေးရွာ၊ ဝေါမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မတ်လ

**မာတိကာ**


မာတိကာ ၁-၄
စကားချီး ၄-၅
ကြာလဟာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝေါမြို့နယ် ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်** ၇-၈

(၁)**နိဒါန်း** ၇
(က) ရည်ရွယ်ချက် ၇
(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု ၇-၈
(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၈

(၂) **ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၉
(ခ) သဘာဝအရင်းအမြစ်များ ၉

(၃) **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉-၁၁
(က) လူဦးရေဆိုင်ရာ အချက်လက်များ ၉
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၉
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၀
(ဃ) ကျန်းမာရေး နှင့် အာဟာရ ၁၀
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ ၁၀
(စ) ကျားမဆိုင်ရာဆက်နွယ်မှု ၁၀-၁၁

(၄) **ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၁-၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၁
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၁-၁၂
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၂-၁၃
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု ၁၃
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၁၃-၁၄
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၄-၁၅
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၁၅
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး ၁၅
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၅

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၅-၁၇
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၅-၁၆
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၇

(၆) **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၇-၁၉

(က) ဖွံ့ဖြိုးရေးပန်းတိုင် ၁၇

( ခ )အကောင်အထည်ဖော်နည်းဗျူဟာ ၁၈

(၇)**ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၉-၂၀

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း ၁၉

(ခ ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး ၁၉

(ဂ ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ ၂၀

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့ ၂၀

(င ) ကျေးရွာဈေးဆောက်လုပ်ရေး ၂၀

(၈) **စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အချိန်ကာလ** ၂၀-၂၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၁

(ခ ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုခွဲခြားခြင်း ၂၁

(ဂ ) ဦးစားပေး စီမံချက်များ ၂၂-၂၃

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၄-၂၅

(၁၀)**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ** ၂၆-၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၆

(ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၆

(ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၆-၂၇

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၇

(၁၁) **စီမံကိန်း စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၂၇

(က) ကြီးကြပ်စစ်ဆေးခြင်း ၂၇-၂၈

(ခ ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၉

**နောက်ဆက်တွဲ** ၂၅-၆၂

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

**(၁)ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ**

ဇယား ၁ ကြာလဟာကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ ၂၅

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား ၂၅-၂၉

ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား ၂၉-၃၀

ဇယား ၄ ကြာလပဟာကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၃၀-၃၁
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ ၃၁
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ ၃၁-၃၂
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ ၃၂-၃၃
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအန ၃၃
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ၃၃-၃၄
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ၃၄-၃၅
**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ** ၃၅-၃၆
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ ၃၆
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ ၃၇
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု ၃၈
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ ၃၈
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း ၃၉
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု ၃၉
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ ၄၀
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ ၄၀-၄၁
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၄၁-၄၂
ဇယား ၂၀ မွေးမြူရေးနှင် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ ၄၂
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ ၄၃
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအခွင့်အလမ်းများ ၄၄-၄၆
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ ၄၆-၄၇
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ ၄၇
ဇယား `၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း ၄၇-၄၈
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ ၄၈
ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၄၉
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း ၄၉-၅၀
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ ၅၀-၅၁
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း ၅၁
ဇယား ၃၁ ကျောင်းတက်နှုန်း ၅၂
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေ ၅၂-၅၃
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ ၅၃-၅၄
ဇယား ၃၄ အဖြစ်များသော ရောဂါများ ၅၄
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု ၅၄-၅၅

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ ၅၅
ဇယား ၃၇ သောက်သုံးရေရရှိမှု ၅၅-၅၆
ဇယား ၃၈ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့်အိမ်ထောင်စုအရေအတွက်) ၅၆
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ ၅၇
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ ၅၇-၅၈
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ ၅၈
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး ၅၈-၅၉
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ ၅၉
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ ၅၉-၆၀
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ ၆၀
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ ၆၀-၆၁
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု ၆၁-၆၂
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၆၂

**နောက်ဆက်တွဲ (၂)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊အဟန့်အတား နှင့်ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၃-၆၅**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၆၃-၆၄
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၅

**နောက်ဆက်တွဲ (၃)**

**ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၆-၇၂**

**ကိုးကားစာရင်း ၇၃**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၄**

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၄-၇၅

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင် သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၇ခုနှစ်
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကြာလဟာကျေးရွာ၊ ဝေါမြို့နယ်


ကြာလဟာကျေးရွာအုပ်စု ကြာလဟာကျေးရွာသယံဇာတပြမြေပုံ
N
အင်းတိုင်စုကျေးရွာ
ဦးမိုးစုကျေးရွာ
အညွှန်း
မီးရထားလမ်း
ဘုန်းကြီးကျောင်း
စာသင်ကျောင်း
နတ်ကွန်း
လူနေအိမ်
ရေကန်
လမ်း
လူသွားလမ်း
လမ်းကြား
ကစားကွင်း
ကျေးရွာဆိုင်းဘုတ်
လယ်ကွင်း
ဟာလာစက်
ချောင်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင် ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့ အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်း ချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေး ရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာ ရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာ နှင့်ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင် သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများ ကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်

ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ဝေါမြို့ ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီးမှမြောက်ဘက်သို့ (၅.၇၆) ဖာလုံခန့်သာကွာဝေးသဖြင့် ဆက်သွယ်သွားလာရလွယ်ကူသော အနေအထားတွင်ရှိပါသည်။ ရာသီဥတုအနေဖြင့် မိုးအသင့်အတင့်များသော အခြေအနေတွင်ရှိပြီး ပျမ်းမျှမိုးရေချိန်အားဖြင့် (၁၅၀)မှ(၁၈၀) လက်မခန့်ရှိပါသည်။ မြေမျက်နှာသွင်ပြင်အနေအထားအနေဖြင့် မြေပြန့်လွင်ပြင်အမျိုးအစားဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

ကျေးရွာတွင် လယ်ယာမြေဧကအနေဖြင့်(၃၆၀၀)ကျော်ရှိပြီး ဆည်ရေသောက်လယ်ယာမြေဧက(၂၀၀၀) ကျော်ရှိပါသည်။ မိုးယွန်းကြီးဆည်မှ ရေသွင်းစပါးစိုက်ပျိုးခြင်းလုပ်ငန်းများကောင်းစွာလုပ်ကိုင်နိုင်ကြပါသည်။ စိုက်ပျိုးသီးနှံများအနေဖြင့် စပါးနှင့်မြေပဲကိုအဓိကစိုက်ပျိုးပါသည်။ ချောင်း၊မြောင်း များပေါများသဖြင့် တနိုင်တပိုင်ငါးဖမ်းခြင်းလုပ်ငန်းများလည်း လုပ်ကိုင်နိုင်ပါသည်။

**၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၀၀) စုနှင့်ကျား(၅၀၀)၊ မ(၅၁၆)ဦးဖြင့် လူဦးရေပေါင်း(၁၀၁၆)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၇)% ၊ ကျောင်းသာဦးရေ(၂၁%)၊ မှီခိုသူဦးရေ (၂၂) % ရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကြာလဟာကျေးရွာတွင် လယ်ယာမြေဧက(၃၆၀၀)ကျော်ရှိပြီး ကျေးရွာသားများမှ စိုက်ပျိုးဧက (၅၃၆.၅) ဧကကို ပိုင်ဆိုင်လုပ်ကိုင်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုအနည်းငယ်နှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုများပြားပြီး မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများကိုမတွေ့ရှိရပါ။ ဝင်ငွေအနေဖြင့် ကျား(၁၀၀၀၀/-)၊မ(၇၀၀၀/-) အများဆုံးလုပ်အားခအနေဖြင့်ရရှိပြီး အနည်းဆုံး လုပ်အားခအနေဖြင့် ကျား(၅၀၀၀/-)၊

မ(၃၀၀၀/)ရရှိပါသည်။ ကိုယ်ပိုင်လက်တွန်းထွန်စက်ပိုင်ဆိုင်သူ(၁၆)ဦး ရှိပြီး စက်ကိရိယာပိုင်ဆိုင်မှု အားနည်းကြောင်း တွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကြာလပဟာကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော မိသားစုများကို မတွေ့ရှိရပါ။ ထိခိုက် သက်ရောက်လွယ်မှုအခြေအနေမှာ မိုးရာသီတွင် အချိန်အခါမဟုတ် ရေကြီးခြင်းနှင့်နွေအခါသီးထပ်စိုက်ပျိုးချိန်၌ စိုက်ပျိုးရေလိုအပ်ခြင်းတို့ကိုသာ တွေ့ရှိရပါသည်။ ထိခိုက်သက်ရောက်မှုကို ခံရသူများအနေဖြင့် အမျိုးသမီး ဦးဆောင်သည့်ဆင်းရဲသော အိမ်ထောင်စုများကိုသာ တွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကြာလပဟာကျေးရွာသည် ဝေါမြို့နယ်မှ (၅.၇၆)ဖာလုံခန့်သာ ကွာဝေးသဖြင့် မြို့နယ်ဆေးရုံနှင့်လွန်စွာ နီးကပ်ပြီး ကျန်းမာရေးစောင့်ရှောက်ခံရမှု ကောင်းမွန်ပါသည်။ ရာသီဥတုလိုက်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျောရောဂါတို့ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။ အာဟာရချို့တဲ့သည့်သူ များကို မတွေ့ရှိရပါ။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကြာလပဟာကျေးရွာတွင် လူဦးရေ(၁၀၁၆)ဦးရှိရာတွင် စာတတ်သူဦးရေ(၉၀၁)ဦးရှိသဖြင့် စာတတ်မြောက်မှု(၈၈)ရာခိုင်နှုန်း ရှိပါသည်။ လက်ရှိပညာဆည်းပူးနေသူပေါင်း(၂၂၀)ရှိပြီး ကျေးရွာလူဦးရေ၏ (၂၀) ရာခိုင်နှုန်း ရှိပါသည်။

ကျေးရွာသားများအနေဖြင့် ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်းများကို တတ်မြောက်ကြပြီး လယ်ယာ လုပ်ငန်းခွင်များမှ အားလပ်ချိန်တွင် ဝင်ရောက်လုပ်ကိုင်ပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန် ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သောကိန်းဂဏန်းများတွင်မူလ တန်း၌မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက်များပြားပြီးလျှက်ရှိပြီး အလယ်တန်း နှင့် အထက်တန်းအဆင့်များ၌ ကျားအရေအတွက်မှာ မအရေအတွက်ထက်ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့်လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကြာလဟာကျေးရွာတွင် လူမှုအဖွဲ့အစည်း(၃)ဖွဲ့မှာ ဓမ္မာစကြာအသင်း၊ နာရေးကူညီမှုအသင်း၊ လူငယ် နှင့်အမျိုးသမီးအဖွဲ့အစည်းအသင်းများကို ဖွဲ့စည်းထားပါသည်။ ဓမ္မာစကြာအသင်း၊ လူငယ်နှင့်အမျိုးသမီး အဖွဲ့အစည်းအသင်းမှာလှုပ်ရှားဆောင်ရွက်မှု အနည်းငယ်အားနည်းပါသည်။ နာရေးကူညီမှုအသင်းမှာ နာရေး ကိစ္စအပါအဝင် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပြီး လှုပ်ရှားမှုအားကောင်းပါသည်။ ပြင်ပအဖွဲ့ အစည်းများအနေဖြင့် Tzu Chi (Buddhist Compassion Relief) အဖွဲ့အစည်းရှိကြောင်းတွေ့ရှိရပြီး အဆိုပါ အဖွဲ့အစည်းများသည် ကျေးရွာတွင်စာသင်ကျောင်း၊ ရေသန့်စက်တို့ကို လှူဒါန်းထားခြင်း၊ ကထိန်ခင်းခြင်းနှင့် ရှောင်တခင်ဖြစ်ပေါ်တတ်သော ရေဘေးအန္တရာယ်များတွင် စားနပ်ရိက္ခာနှင့်ငွေကြေးများကို ထောက်ပံ့လှူဒါန်းပြီးကူညီထောက်ပံ့မှုများအားကောင်းလျှက်ရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများ တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေရေးအတွက် အဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကြာလဟာကျေးရွာတွင် စပါးနှင့်မြေပဲ၊ ပဲအမျိုးမျိုးနှင့် ငါးဖမ်းခြင်းလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်လျှက်ရှိပါသည်။ မိုးစပါးစိုက်ဧက(၂၅၀၀)ရှိပြီး၊ နွေစပါးစိုက်ဧက (၂၀၀၀)ဧက

နှင့် ပဲအမျိုးမျိုး(၁၅၀) ဧကတို့ကို စိုက်ပျိုးကြပါသည်။ မိုးစပါးပျမ်းမျှထွက်နှုန်းမှာ(၅၀)တင်း၊ နွေစပါး(၆၀)တင်းနှင့် မြေပဲအထွက်နှုန်း (၅၀)တင်းတို့ထွက်ရှိကြပါသည်။ နွေစပါးဧက (၂၀၀၀)ကို မိုးယွန်းကြီးဆည်မှ ဒီဇင်ဘာလမှစ၍ ဧပြီလအထိ ကျေးရွာလိုအပ်ချက်အရ အလှည့်ကျစနစ်ဖြင့် ရေလွှတ်ပေး၍ ရေသွင်းစိုက်ပျိုးကြပါသည်။ တောင်သူအများစုမှာ စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှုများအားနည်းခြင်း၊ သီးနှံမျိုးစေ့များရရှိနိုင်မှု ခက်ခဲခြင်း ၊ ဖျက်ပိုးများ ကျရောက်ခြင်း၊ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုအားနည်းခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမား များပြားခြင်းကြောင့် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရ တတ်ပြီး အလုပ်သမားများ၏လုပ်အားခကို ဈေးနှုန်းမြင့်မားစွာငှားရမ်းသုံးစွဲရခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံ အထွက်နှုန်း ထွက်ရှိသင့်သည့်ထက်မထွက်ရှိပါ။ တချို့တောင်သူများမှာ အလုပ်သမား ရှားပါးမှုနှင့်ကုန်ကျ စရိတ်မြင့်တက်မှု တို့ကိုကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။ တောင်သူလယ်သမား အနေဖြင့် နည်းပညာဝန်ဆောင်မှု၊ သီးနှံမျိုးစေ့များရရှိနိုင်မှုသာ သီးနှံစိုက်ပျိုးရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်နိုင်ပါသည်။

ကြာလဟာကျေးရွာတွင် နွား၊ ကျွဲ၊ ဆိတ်၊ ဝက်၊ သိုး၊ ကြက်၊ ဘဲ မွေးမြူသူ အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏(၁.၅၅)ရာခိုင်နှုန်း ဝန်းကျင်သာရှိပါသည်။ မျိုးတိရစ္ဆာန် ဝယ်ယူရာတွင် ခက်ခဲခြင်းနှင့် ရာသီ အလိုက်ဖြစ်ပွားတတ်သော နွား(ဒေါင့်တန်းရောဂါ)၊ ကျွဲ(လည်ကြတ်ရောဂါ)၊ ဝက်(နားရွက်ပြာရောဂါ)၊ ကြက် (လည်လိမ်ရောဂါ)၊ ဘဲ(ခါးပြားရောဂါ) များအဖြစ်များပြီး ရောဂါကြောင့် သေကြေပျက်စီးမှုများ ရှိတတ်ပါသည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက် မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းပါသည်။ မွေးမြူရေးဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို အလွယ်တကူ မရရှိ၍ ရွာထဲမှချေးငှားသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မား တတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်း များမရှိပါ။ကျေးရွာရှိ ချောင်း၊ မြောင်းများမှ ငါးဖမ်းခြင်းလုပ်ငန်းကိုသာ လုပ်ကိုင်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကြာလဟာကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင် ငွေရလုပ်ငန်းများ မှာနေ့စား အလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ Taxi မောင်းလုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ ဆေးလိပ်လိပ်ခြင်းလုပ်ငန်းများ၊ အစိုးရဝန်ထမ်း လုပ်ငန်းများ လုပ်ကိုင်လျှက်ရှိပါသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်း အခက်အခဲများ ရှိပါသည်။ အလုပ်နှင့်သက်ဆိုင်သော အသက်မွေးဝမ်းကျောင်း နည်းပညာရရှိနိုင်မှုမရှိခြင်း၊

ဈေးကွက်နှင့်သက်ဆိုင်သော အသိအမြင်မရှိခြင်းတို့ကြောင့် အလုပ်လုပ်နိုင်သည့် လုပ်သားများ သည်ပြည်တွင်း/ပြည်ပများသို့ ပြောင်းရွှေ့လုပ်ကိုင်နေပြီး ကျန်ရှိနေသည့် မိသားစုများသည် ပြန်ပို့ ငွေများကို အဓိကမှီခိုလျှက်ရှိပါသည်။

မြို့ပေါ်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းသင်တန်းလုပ်ငန်းများနှင့် နည်းပညာပိုင်း ဆိုင်ရာပံ့ပိုးကူညီမှုဝန်ဆောင်မှုများ ချေးငွေရရှိနိုင်မှု၊ ကုန်ကြမ်းများရရှိနိုင်မှု ဈေးကွက်အသိအမြင် ဆိုင်ရာနည်းပညာပံ့ပိုး ဆောင်ရွက်ပေးခြင်း၊ အခြားဝင်ငွေရအလုပ်အကိုင် လုပ်ကိုင်နေသူများမှာ အသိပညာ၊ အတတ်ပညာများ ပွင့်လင်းမြင်သာလျှက်ရှိပြီး ဆင်းရဲသောမိသားစုများ၌ မိသားစု ဝင်ငွေအထိုက်အလျှောက် တိုးပွားလာမည်ဖြစ် ပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကြာလဟာကျေးရွာတွင် စပါးနှင့်ပဲအမျိုးမျိုးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက် တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ် ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စုစည်း သိမ်းဆည်းစေခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ပြန်လည်ရရှိအောင် ဆောင်ရွက်စေခြင်း၊ အမှိုက်အမျိုး အစားခွဲခြား၍ အမှိုက်အမျိုးအစားအလိုက် ပြန်လည်အသုံးဝင်အောင် စီမံဆောင်ရွက်စေခြင်း၊ မီးရှို့ဖျက်ဆီးစေခြင်းတို့ကို စနစ်တကျ စွန့်ပစ်နိုင်ရေးအတွက် ကျေးလက်ဦးစီးဌာနမှ အမှိုက်သိမ်းဆည်းခြင်းစီမံချက်များကို အကောင်အ ထည်ဖော်ဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်ပေးနိုင်မည်ဖြစ် ပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကြာလဟာကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများကို တစ်နှစ်အတိုးနှုန်း(၈.၇၆)ရာခိုင်နှုန်း၊ တစ်ဧက(၁၅၀၀၀၀/-)ကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက်ချေးယူနိုင်ကြသည်။ ထုတ်ချေးကာလနှင့် ပြန်ဆပ်ကာလကို ကာလတို(၆)လ အတွင်း ပြန်ဆပ်ရမည်ဖြစ်သည်။

တောင်သူများသည် သမဝါယမအသင်းမှ တစ်နှစ်အတိုးနှုန်း(၁.၅%)နှုန်းထားဖြင့် အနည်း ဆုံးချေးငွေ(၁၀၀၀၀၀/-)ကျပ်နှုန်းဖြင့် ထုတ်ချေးကာလနှင့် ပြန်ဆပ်ကာလ ကာလတို(၆)လအထိ ထုတ်ချေးယူနိုင်ကြပါ သည်။

ပုဂ္ဂလိကအသေးစားချေးငွေဝန်ဆောင်မှုဘဏ်များမှလည်း အတိုးနှုန်း(၂.၅%) အနည်းဆုံး ချေးငွေ (၂၀၀၀၀၀/-)ကျပ်နှုန်းတစ်လတစ်ကြိမ် အတိုး+အရင်း ၁၀% ပေးသွင်းစေပြီး ချေးငွေကာလကို အနည်းဆုံး (၁၀)လ သတ်မှတ်ပြီးထုတ်ချေးခဲ့ပါသည်။

ထုတ်ချေးငွေများကိုရွာသားများ၏ စီးပွားရေးလုပ်ငန်းများတွင် အရင်းအနှီးထည့်သွင်းခြင်းဖြင့်နေ့စဉ် ဝင်ငွေတိုးတက်အောင်ဆောင်ရွက်နေကြောင်း သိရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကြာလဟာကျေးရွာတွင် မူလွန်ကျောင်းကို ၃၀ ပေ၊ ၁၂၀ ပေ၊ ၁၀ ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ နှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးလျှက်ရှိပါသည်။ အထက်တန်းကျောင်းကို ၃၀ပေ၊ ၁၂၀ပေ၊ ၁၈ပေ၊ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေအခင်းဖြင့် ဝေါမြို့ပေါ်တွင်တည်ရှိပြီး ကျေးရွာမှ ကျေးရွာသူ/သားများသည် ခြေလျင်၊ စက်ဘီးများဖြင့် လာရောက်ကြပါသည်။ လက်ရှိပညာဆည်းပူးနေသူ ပေါင်း(၂၂၀)ဦးရှိပြီး ကျောင်းသားဦးရေသည် ကျေးရွာ၏ (၂၀)ရာခိုင်နှုန်းရှိပြီး ကျောင်းတက်ရာခိုင်နှုန်း ကောင်းမွန်လျက်ရှိပါသည်။ ကျောင်းသားများအတွက် ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။ ကျေးရွာမူလွန်ကျောင်းတွင် ကျောင်းဆရာ/မ(၆)ဦးရှိပြီး အတန်းပေါင်းစုံလှည့်လည် သင်ကြားပို့ချနေရသဖြင့် ဆရာ/မ အင်အားမလုံလောက်၍ အစိုးရဌာနမှ ကျောင်းဆရာ/မထပ်မံဖြည့်ဆည်း ပေးရန်လိုအပ်ပါသည်။

ကျေးရွာသည် မြို့နှင့်အလှမ်းနီးသဖြင့် ကျေးရွာဆေးပေးခန်းမရှိသော်လည်း ကျေးရွာကျန်းမာရေးမှူး(၁)ဦးရှိပါသည်။ ရွာသူရွာသားများသည် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့်လက်လှမ်းမီသည်။

သောက်ရေအတွက် မြေသားရေကန်၊ လက်နှိပ်တုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး ရေလုံလောက်မှုရှိပါသည်။ ရေကန်များတွင် ခြံစည်းရိုးကာရံခြင်းများမရှိပါသဖြင့် ကျွဲ၊ နွားတိရစ္ဆာန်များ ဝင်ရောက်ခဲ့ခြင်းကြောင့် ကန်ပတ်လည်ခြံစည်းရိုးကာရံပေးရန် လိုအပ်လျှက်ရှိပါသည်။

ကျေးရွာရှိ စီးပွားရေးအသင့်အတင့်ရှိသူအိမ်ထောင်စု(၁၅၅)စုသည် ကျင်းတူး၊ သွပ်မိုး၊ သစ်ကာများဖြင့် ယင်လုံအိမ်သာ(၁၅၅)လုံးဖြင့် အသုံးပြုလျက်ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု

(၄)စုသည် ကျင်းတူး၊ ဖက်မိုး၊ ထရံကာများဖြင့် ယင်လုံအိမ်သာ(၄)လုံးဖြင့်လည်းကောင်း၊ အလွန်ဆင်းရဲသော မိသားစုများ(၄)စုမှာ နီးစပ်ရာ အိမ်နီးချင်းအိမ်သာများကိုသာ အသုံးပြုလျက်ရှိသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင်လူငယ်များအနေဖြင့် လူမှုရေးလုပ်ငန်း၊ ဘာသာရေးလုပ်ငန်း၊ ယဉ်ကျေးမှုရိုးရာဓလေ့ ထုံးစံအမွေအနှစ်များ မပပျောက်စေရန် လူငယ်အသင်းအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်သင့်ပါသည်။ ဓမ္မစကူးအသင်းအဖွဲ့များ ဖွဲ့စည်းထားသင့်ပါသည်။ အသိဉာဏ် ဗဟုသုတရရှိစေရေးအတွက် အားလပ်ချိန်များတွင် စာအုပ်စာပေများဖတ်ရှုနိုင်ရန် ကျေးရွာရှိစာကြည့်တိုက်ထားရှိရန် လိုအပ်ပါသည်။

**(ဇ) အခြေခံ အဆောက်အဦအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကြာလဟာကျေးရွာတွင်းရှိလမ်းမှာ ဂဝံလမ်းဖြစ်ပြီး အနီးရှိရွာများနှင့် ကျေးရွာရှိ ရွာသူ/ရွာသားမှာ တနှစ်ပတ်လုံးသွားလာအသုံးပြုကြသည်။ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား၊ ထော်လာဂျီနှင့် သုံးဘီးကားတို့သွားလာ၍ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသောကြောင့် ဆိုလာစနစ်ဖြင့် အသုံးပြုသော အိမ်ထောင်စု (၃၆)စုနှင့် ဘက္ထရီအသုံးပြုသော အိမ်ထောင်စု(၁၅၈)စုကို တွေ့ရှိရပါသည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေး ပိုမိုတိုးတက်စေရန်အလို့ငှာ လျှပ်စစ်မီးရရှိစေပါက ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်နိုင်ဖွယ်ရှိပါသည်။

ကျေးရွာသည် မြို့နှင့်နီးသဖြင့် သတင်းအချက်အလက်များနှင့် ဖုန်းလိုင်း၊ အင်တာနက်လိုင်းများမှ အသုံးပြုနိုင်မှု အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက်လည်းချိတ်ဆက် ကောင်းမွန်ကြောင်းတွေ့ရှိပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာသည် မြို့နှင့်နီးသဖြင့် တည်ငြိမ်မှုနှင့် ဘေးကင်းလုံခြုံရေးကောင်းမွန်ပါသည်။ ကျေးရွာသူ/ သားများသည် အသိဉာဏ်၊ ဗဟုသုတများရှိခြင်းကြောင့် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါပြီး တည်ငြိမ် အေးချမ်း ကြပါသည်။

**၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ**

ကျေးရွာတွင် လျှပ်စစ်မီးမရှိသည့်အတွက် လျှပ်စစ်မီးရရှိပါက ထင်းသက်သာသည့် လျှပ်စစ် မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း၊ လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေပါသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၆၇%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်း သင်တန်းများကို လူငယ်များသို့ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာ လူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်း မှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ဝေါဆေး ရုံသို့ သွားရောက်ပြီး ဆေးကုသမှုများခံယူနိုင်သည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်မြေထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ပေးနိုင် သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။

ကျေးရွာတွင် မိုးယွန်းကြီးရေလှောင်တမံဆည်မှ နွေစပါး(၂၀၀၀)ဧကအတွက် အလှည့်ကျ ရေးသွင်း စိုက်ပျိုးကြသည်။ မြို့နှင့်နီးသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာ ထွက်ကုန်များကို အချိန်မှီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် အထူးအဖြင့် ကြက်နှင့် နွားကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။ သို့သော် မွေးကုဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှု ကိုလည်းတိုးမြှင့် ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက် နှင့် အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှု မှာအသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများမထွက်ရှိပါ။ လယ်ယာမြေများကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမား များအဖို့ အထွက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

မိုးယွန်းကြီးဆည်မှ ရေသွယ်စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေသွယ်မြောင်း တိုးချဲ့ဆောက်လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက် သင့်ပါသည်။ထို့အပြင် ပိုးသတ်ဆေး အချို့ကိုခံနိုင်သော ဖျက်ပိုးများလည်း မြေပဲစိုက်ခင်းများတွင် ကျရောက်တတ်ပါသည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်း ရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ ကျေးရွာတွင် ငွေတိုးချေးသူများရှိသော် လည်းအတိုးနှုန်းမှာ မြင့်မား တတ်သည်။ ဘဏ်များမှကျေးရွာအရောက် ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလို အပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေဘဏ်များမှ ငွေချေးရန် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲ ကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း အတွက်ကုန်ကြမ်း၊ တတ်သိ ပညာ၊ အထိအတွေ့တို့ အားနည်းပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေး အနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် ကျန်းမာရေး၊ ကျေးရွာမီးလင်းရေးနှင့်သယ်ယူပို့ဆောင်ရေး ကောင်းမွန်လာခြင်းတို့မှတဆင့်လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာ များနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက် နိုင်ရန်သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းဆောင် တစ်ခု ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း မြင့်တက်လာစေရန် ဆရာ/မများဖြင့် ပူးပေါင်းဆောင်ရွက်သွားကြမည်။ ပညာရေးဌာနနှင့် ချိတ်ဆက်၍ အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မများ ခန့်ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက် သွားမည်။

(၄) ကျေးရွာတွင်ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အဦများကို အသုံးပြုစီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုရေးအဖွဲ့တို့နှင့်လည်း ကျေးရွာအခြေပြု

လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့်နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည် စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးအပြင် မြေပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက် ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နွေစပါးကဲ့သို့ သီးထပ်သီးနှံများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိ သုံးစွဲနိုင်ရေးအတွက်လည်း ဆည်မြောင်းရေမရနိုင်ဖြစ်နိုင်သော နည်းလမ်းများကို ဖော်ထုတ်စီစဉ်ပေးသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင်သမဝယမအသင်းအဖွဲ့ အစည်းထားခြင်းမရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူ ရွာသားများ အတွက် ချေးငွေအစီအစဉ် ကိုဆောင်ရွက်ပေးသင့်ပါသည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ် အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းအလုပ် အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှု တွင်အားနည်းပါသည်။ ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်သည့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

**(င) ကျေးရွာဈေးဆောက်လုပ်ရေး**

ကြာလဟာကျေးရွာတွင် ယာယီဈေးတစ်ခုရရှိရန် လိုအပ်ပါသည်။ အချိန်နှင့်တပြေးညီ ဝယ်ယူရာတွင် လွယ်ကူသဖြင့် ကြာလဟာကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူ/ရွာသား အချို့လည်း အကျိုးခံစားမှု ရရှိ နိုင်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက် ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေး မည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစား ပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထား နိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေး လုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါ က အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင် အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ ၍စီမံကိန်း အုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင်စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှု တို့ကိုခွဲခြားသိရှိ စေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှုတို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ် ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်း အဝေးတွင်သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ဖွံ့ဖြိုးရေးကဏ္ဍ | (၁) လျှပ်စစ်ဓါတ်အားရရှိရေး | ၅ | ၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၈ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| လမ်း/တံတား | (၂) ရွာတွင်းလမ်းဖောက်လုပ်ခြင် | ၃၁ | ၂ | ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့မှ ပူးပေါင်းပြီး ဂျင်းကျောက် ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | ကျေးလက်ဦးစီး |
| ကျေးရွာအဆောက်အအုံ | (၃) ဆေးခန်း | ၃၀ | ၃ | မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ချတ်ဆက်ပူးပေါင်းဆောင်ရွက်သွားပါမည်။ | ကျန်းမာရေးဦးစီးဌာန |
| ကျေးရွာအဆောက်အအုံ | (၄)စာကြည့်တိုက်တည်ဆောက်ခြင်း | ၂၉ | ၄ | မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန |
| ဘဏ္ဍာစနစ်နှင့် | (၅)ချေးငွေရရှိစေရန်ဆောင်ရွက် | ၂၉ | ၅ | မြစိမ်းရောင်စီမံကိန်းချေးငွေများရရှိရန် | ကျေးလက်ဦးစီး |

| | | | | | |
|---|---|---|---|---|---|
| ငွေရေးကြေးေ<br>ေး<br>လုပ်ငန်းများ<br>ချေးငွေ | ခြင်း | | | ကျေးလက် ဦးစီးမှ<br>လျာထားတင်ပြသွားပါမည်။ | |
| လယ်/ယာ<br>ကဏ္ဍ | (၆) ချောင်းဧရိယာနယ်နိမိတ်<br>သတ်မှတ်ပေးခြင်း | ၂၈ | ၆ | သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်<br>ပေါင်းဆောင်ရွက် သွားပါမည်။ | ဆည်မြောင်းနှင့်ရေအ<br>သုံးချမှုစီမံခန့်ခွဲရေးဦး<br>စီး ဌာန |
| စီမံအုပ်ချုပ်မှု<br>ဖွံ့ဖြိုးရေးဆိုင်<br>ရာ<br>စီမံအုပ်ချုပ်မှု | (၇) ကျေးရွာများတွင်<br>အမျိုးသမီး များ<br>ပါဝင်ဖွဲ့စည်းခြင်း | ၂၆ | ၇ | အမျိုးသမီးများပါဝင်ဖွဲ့စည်းနိုင်ရေးအတွက် ကျေးရွာရှိ<br>အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်<br>ညှိနှိုင်းဆောင်ရွက်ပါမည်။ | |
| စိုက်ပျိုးမွေးမြူ<br>ရေးမဟုတ်ေ<br>ော<br>လုပ်ငန်းများ | (၈) အသက်မွေးဝမ်းကျောင်း<br>သင်တန်းများဖွင့်လှစ်ပေးပါရန် | ၂၅ | ၈ | ကျေးရွာနှင့်ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း<br>သင်တန်းများဖွင့်လှစ်ပို့ချဆောင်ရွက်သွားပါမည်။ | ကျေးလက်ဦးစီး |
| | (၉)<br>ဓါတုဗီဝ/ဓါတ်မြေသြဇာဆေးဝါး | ၂၀ | ၉ | စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ပြီးနည်<br>း ပညာများပံ့ပိုးကူညီဆောင်ရွက်ပေးသွားပါမည်။ | စိုက်ပျိုးရေးဦးစီးဌာ<br>န |
| ကျေးရွာ<br>အဆောက်အ | (၁၀) ဓါတ်အားလိုင်းကြိုးများ | ၁၉ | ၁၀ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ<br>အဖွဲ့အစည်းများ နှင့်ပူးပေါင်း ဆောင်ရွက်သွားပါမည်။ | လျှပ်စစ်နှင့်စွမ်းအင်<br>ဝန်ကြီးဌာန |

| | | | | | |
|---|---|---|---|---|---|
| အုံ | ပြန်လည်ပြုပြင်ထိန်းသိမ်းပေးခြင်း | | | | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ လျှပ်စစ်ဓါတ်အားရရှိရေး | ၁ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်တွင်ဆောင်ရွက်မည် ဖြစ်ပါသည်။ | | | | |
| ၂။ ရွာတွင်းလမ်းဖောက်လုပ်ခြင် | ၂ | ✔ | | | | |
| ၃။ ဆေးခန်း | ၃ | | ✔ | | | |
| ၄။ စာကြည့်တိုက်တည်ဆောက်ခြင်း | ၄ | | | ✔ | | |
| ၅။ ချေးငွေရရှိစေရန်ဆောင်ရွက်ခြင်း | ၅ | | ✔ | ✔ | ✔ | |
| ၆။ ချောင်းဇရိယာနယ်နိမိတ် သတ်မှတ်ပေးခြင်း | ၆ | | ✔ | | | |
| ၇။ ကျေးရွာများတွင် အမျိုးသမီးများပါဝင်ဖွဲ့စည်းခြင်း | ၇ | | | ✔ | | |
| ၈။ အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးပါရန် | ၈ | | ✔ | ✔ | ✔ | |
| ၉။ ဓါတုဇီဝ/ဓါတ်မြေသြဇာဆေးဝါးများပံ့ပိုးပေးခြင်း | ၉ | | ✔ | ✔ | ✔ | |
| ၁၀။ ဓါတ်အားလိုင်းကြိုးများပြန်လည်ပြုပြင်ထိန်းသိမ်းပေးခြင်း | ၁၀ | | ✔ | | | |

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက် များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏ

တွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘက်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်ဓါတ်အားရရှိရေး | | ✔ | | | |
| ၂ | ရွာတွင်းလမ်းဖောက်လုပ်ခြင်း | | ✔ | | | |
| ၃ | ဆေးခန်း | | ✔ | | | |
| ၄ | စာကြည့်တိုက်တည်ဆောက်ခြင်း | | ✔ | | | |
| ၅ | ချေးငွေရရှိစေရန်ဆောင်ရွက်ခြင်း | | | ✔ | | |
| ၆ | ချောင်းဧရိယာနယ်နိမိတ်သတ်မှတ်ပေးခြင်း | | | ✔ | | |
| ၇ | ကျေးရွာများတွင်အမျိုးသမီးများပါဝင်ဖွဲ့စည်းခြင်း | | | ✔ | | |
| ၈ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးပါရန် | | | ✔ | | |
| ၉ | ဓါတုဇီဝ/ဓါတ်မြေသြဇာဆေးဝါးများ ပံ့ပိုးပေးခြင်း | | | ✔ | | |
| ၁၀ | ဓါတ်အားလိုင်းကြိုးများပြန်လည်ပြုပြင်ထိန်းသိမ်းပေးခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်း ရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုး အစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

